မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

ဗီဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)

နှင့်

Winning Way Company Limited

တို့

Brand New Mitsubishi 3.0 T Diesel Forklift (Grendia Serie)

FD30PT

(၁) စီး ဝယ်ယူမှု

သဘောတူကတိစာချုပ်

ရက်စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်။

နေရာ ။ ။ ရန်ကုန်မြို့။

၅၀၀၀၀ ကျပ် K 50000 ၅၀၀၀၀ ကျပ် K 50000

# မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

# ဗီဂါပလလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)

## နှင့်

## Winning Way Company Limited

## တို့၏

## Brand New Mitsubishi 3.0 T Diesel Forklift (Grendia Serie) FD30PT

## (၁) စီး ဝယ်ယူမှု

## သဘောတူကတိစာချုပ်

ဤသဘောတူစာချုပ်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ( ၂၇ ) ရက်တွင် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်) ၌ ဦးအောင်မျိုးထွန်း ၊ ဌာနကြီးမှူး ၊ ထုတ်လုပ်မှုလုပ်ငန်းများဌာနကြီး၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိ တက် (နောင်တွင် "ဝယ်ယူသူ" ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ ယင်းအား ဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်) ကတစ်ဖက်

နှင့်

ဦးပိုင်စိုးလင်း၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ၈/စလန (နိုင်) ၁၀၁၇၁၈ ၊ ဒါရိုက်တာ ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ လိုင်စင်အမှတ်၊ ၁၂၁၃၄၀၄၀၂ ဖြင့် မှတ်ပုံတင်ထားသော အခန်းအမှတ် ၅၈၉ / ၅၉၂၊ ဗိုလ်အောင်ကျော်လမ်း ၊ ရန်ကုန် – ပုသိမ် လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသည့် Winning Way Company Limited တို့ (နောင်တွင် "ရောင်းချသူ" ဟုခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါစကားရပ်၌ ယင်းအားဆက်ခံသူများ ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်) ကအခြားတစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကို ချုပ်ဆိုသည့်နေရာတွင် နှစ်ဖက်သဘောတူ ချုပ်ဆိုကြပါသည်။

**ရည်ရွယ်ချက်**

၁။ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ဗိုဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်) တွင်အသုံးပြုရန် **3000 Kgs (3 Tons) FD30PT (Mitsubishi) Diesel Forklift (Brand New Mitsubishi 3.0T Diesel Forklift Grendia Serie) (၁)စီး** (နောင်တွင်ကုန်ပစ္စည်းများဟုခေါ်တွင်ရမည်) ဝယ်ယူရေးအတွက် ဤစာချုပ် ကိုချုပ်ဆိုခြင်းဖြစ်သည်။

**အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း**

၂။ ဝယ်ယူသူသည် ဥပဒေအရ စာချုပ်ပါလုပ်ငန်းကို တရားဝင်ပိုင်ဆိုင်ခွင့်လုပ်ပိုင်ခွင့် ရှိသူဖြစ်ပြီး ရောင်းချသူသည် စာချုပ်ပါလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေကြေးအင်အားပြည့်စုံသူဖြစ်ပြီး ဝယ်ယူသူနှင့်ရောင်းချသူတို့သည် စာချုပ်တွင် လက်မှတ်ရေးထိုးခွင့် အခွင့်အာဏာရှိသူများဖြစ်ကြောင်း အသီးသီး အာမခံကြပါသည်။

**ပစ္စည်းများပေးသွင်းရမည့်တည်နေရာ**

၃။ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ဗိုဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်) ၊ အမှတ် ၄၄ / ဘီ ၊ ပျဉ်းမပင်စက်မှုနယ်မြေ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

**ပစ္စည်းအမျိုးအစား**

၄။ **Brand New Mitsubishi 3.0 T Diesel Forklift (Grendia Serie) FD30PT (၁) စီး** တန်ဖိုး **၁၈၉,၃၇၅,၀၀၀/- (ကျပ်တစ်ရာရှစ်ဆယ့်ကိုးသန်းသုံးသိန်းခုနစ်သောင်းငါးထောင်တိတိ)** ဖြစ်ပါသည်။

**လုပ်ငန်းအာမခံကြေးရယူခြင်း**

၅။ လုပ်ငန်းအာမခံခြင်းအား အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ရောင်းချသူမှ စာချုပ်ချုပ်ဆိုပြီး (၇) ရက်အတွင်း လုပ်ငန်းဆောင်ရွက်မှု အာမခံ (Performance Bank Guarantee) ငွေအဖြစ် စာချုပ်ပါတန်ဖိုး၏ **၁၀ % (တစ်ဆယ်ရာ**

နိုင်နှုန်း) ဖြစ်သောငွေ **၁၈,၉၃၇,၅၀၀/- (ကျပ်တစ်ဆယ့်ရှစ်သန်းကိုးသိန်းသုံးသောင်းခုနှစ်ထောင့်ငါးရာတိတိ)** ကိုဝယ်ယူသူ ထံသို့ ပေးသွင်းရမည်။

(ခ) ရောင်းချသူသည် စာချုပ်ပါကုန်ပစ္စည်းများအား သတ်မှတ်ကာလအတွင်း အပြည့်အဝ ပေးသွင်းပြီးပါက ဝယ်ယူသူမှ ကုန်ပစ္စည်းများ လက်ခံရရှိပြီးကြောင်း ပြေစာ CRV ထုတ်ပေးပြီး ရက်ပေါင်း (၃၀) အတွင်း အာမခံစပေါ်ငွေအား ပြန်လည်ထုတ်ပေးရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေသည့်ကာလအတွင်း လုပ်ငန်းအားလုံးဆောင်ရွက်နိုင်ခြင်းမရှိလျှင်လည်းကောင်း၊ ရောင်းချသူ၏ ပျက်ကွက်မှုကြောင့် စာချုပ်ရပ်စဲရသည့် အခြေအနေပေါ်ပေါက်လျှင်လည်းကောင်း လုပ်ငန်းအာမခံကြေးစပေါ်ငွေကို သိမ်းဆည်းခြင်းခံရမည်။

**ရောင်းချသူကလိုက်နာဆောင်ရွက်ရမည့်တာဝန်ဝတ္တရားများ**

၆။ (က) နောက်ဆက်တွဲဖြင့် ပူးတွဲဖော်ပြထားသည့် **Brand New Mitsubishi 3.0 T Diesel Forklift (Grendia Serie) FD30PT (၁) စီး** ကို (DDP Yangon) စနစ်ဖြင့် ပေးသွင်းရမည်ဖြစ်ပါသည်။

(ခ) ကုန်ပစ္စည်းအားရောင်းချသူမှ ဆိပ်ကမ်း/နယ်စပ်များမှ ရှင်းလင်းရွေးယူပြီး သက်ဆိုင်ရာ **ဗိဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)** သို့ လက် ရောက် ပေးအပ်ရမည်။

(ဂ) ကုန်ပစ္စည်းရှင်းလင်းရွေးယူခြင်း၊ စက်ရုံသို့ပို့ဆောင်ခြင်း အတွက် အခွန်အခ နှင့် ကုန်ကျစရိတ် အဝဝကို ရောင်းချသူမှ တာဝန်ယူပေးချေရမည်။

(ဃ) ကုန်ပစ္စည်းပေးသွင်းရာတွင် စာချုပ်ပါအရည်အသွေး စံချိန်စံညွှန်းများ အရေအတွက်နှင့် ကိုက်ညီအောင်ပေးသွင်းရမည်။

**ဝယ်ယူသူကလိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ**

၇။ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရောင်းချသူမှပေးသွင်းသည့် ကုန်ပစ္စည်းများကို မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ၊ **ဗိဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)** ကုန်ဝယ်စာချုပ်တွင်ဖော်ပြထားသည့် ကုန်ပစ္စည်းများ၏ ပစ္စည်းအမျိုးအစား Specification တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး လိုအပ်သောစစ်ဆေးချက်အစီရင်ခံစာကို CRV နှင့် FAC Report ထုတ်ပေးမည်။

(ခ) အကယ်၍ရောင်းချသူမှ ကုန်ပစ္စည်းများမှာ နောက်ဆက်တွဲဖော်ပြပါ ကုန်ပစ္စည်းများ၏ ပစ္စည်းအမျိုးအစားနှင့် Specification ကိုက်ညီမှုမရှိသဖြင့် ပယ်ချထားသော ကုန်ပစ္စည်းများအတွက် ကျသင့်ငွေတန်ဖိုးကို မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်) မှ ငွေပေးချေမှု ပြုလုပ်မည်မဟုတ်ပါ။

(ဂ) ပစ္စည်းအမျိုးအစားနှင့် Specification မကိုက်ညီသည့် ကုန်ပစ္စည်းများကို လက်မခံပါ။ အကယ်၍ ပေးသွင်းသည့် ကုန်ပစ္စည်းများစက်ရုံသို့ရောက်ရှိပြီး စစ်ဆေးသည့်အခါ ပစ္စည်းအမျိုးအစားနှင့် Specification မကိုက်ညီသည့် ကုန်ပစ္စည်းများတွေ့ရှိပါက ထိုမကိုက်ညီသော ကုန်ပစ္စည်းအရေအတွက်ကို ရောင်းချသူမှ မိမိစရိတ်ဖြင့် ပစ္စည်းအမျိုးအစားနှင့် Specification ကိုက်ညီသည့် ကုန်ပစ္စည်းဖြင့် အစားထိုးပြန်လည်ပေးသွင်းရမည်။

**ပစ္စည်းပေးသွင်းခြင်း**

၈။ စာချုပ်တွင် တရားဝင် နှစ်ဖက်လက်မှတ်ရေးထိုးပြီးသည့်နေ့တွင် လုပ်ငန်းစတင်ပြီး ပစ္စည်းအားရောင်းချသူမှ **၂၀၂၅ ခုနှစ် မေလ ၃၁ ရက်** အပြီးပေးသွင်းရမည်။ ပစ္စည်းပေးသွင်းရန် သတ်မှတ်ထားသည့်ရက်ထက်ကျော်လွန်ပါက ကျော်လွန်သည့်ရက်များအတွက် တစ်ရက်လျှင် ဝယ်ယူမည့်ပစ္စည်းတန်ဖိုး၏ ၀.၀၁ % ဖြင့်ရောင်းချသူမှ ပေးလျော်ရမည်ဖြစ်ပြီး နောက်ကျရက် (၃၀) ရက်ထက်ကျော်လွန်ပါက လုပ်ငန်းကိုရပ်ဆိုင်းပြီး အမည်ပျက်စာရင်းတွင် ထည့်သွင်းကြေငြာမည်ဖြစ်သည်။

CamScanner

**ပစ္စည်းအာမခံသက်တမ်း**

၉။ ပစ္စည်းအာမခံသက်တမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရောင်းချသူ၏ ပစ္စည်းအာမခံသက်တမ်းသည် ဝယ်ယူသူသတ်မှတ်ထားသောနေရာသို့ ပစ္စည်းကို အရောက်ပေးပို့ပြီး အပ်နှံလက်ခံပြီးသည့်နေ့မှစ၍ (၁) နှစ်အတွင်းဖြစ်သည်။

(ခ) အာမခံသက်တမ်းအတွင်း ပစ္စည်းချို့ယွင်းခြင်း၊ အားနည်းချက်ရှိခြင်း ၊ စွမ်းဆောင်မှုမကောင်းခြင်းကဲ့သို့ အပြစ်အနာအဆာများဖြစ်ခြင်း၊ ပျက်စီးခြင်းများရှိပါက ဝယ်ယူသူသည် ရောင်းချသူထံသို့ စာဖြင့်အသိပေးအကြောင်းကြားသည့်အခါ အကြောင်းကြားစာလက်ခံရရှိပြီး တစ်လအတွင်း ရောင်းချသူက ပစ္စည်းအစိတ်အပိုင်းများ (သို့မဟုတ်) ပစ္စည်းတစ်ခုလုံးအား ပြင်ဆင်ပေးခြင်း (သို့မဟုတ်) အစားထိုးပေးခြင်းတို့ကို ဝယ်ယူသူထံမှ ကုန်ကျစရိတ်မယူပဲ ဝယ်ယူသူသတ်မှတ်ထားသည့်နေရာသို့ ပြင်ဆင်ခြင်း၊ ပို့ဆောင်ခြင်းကို ဆောင်ရွက်ပေးရမည်။

**ရောင်းချသူ၏အာမခံချက်**

၁၀။ ရောင်းချသူက အောက်ပါအချက်များကို အာမခံပါသည်-

(က) စာချုပ်အရရောင်းချသူမှတင်သွင်းသည့်ပစ္စည်းများသည် အသစ်ဖြစ်၍ အသုံးမပြုရသေးကြောင်း၊ လက်ရှိထုတ်လုပ်သည့် မော်ဒယ်ဖြစ်ကြောင်း၊ ပစ္စည်းမှာ ပထမတန်းအရည်အသွေးဖြစ်၍ အပြစ်အနာအဆာမရှိကြောင်း အာမခံပါသည်။

(ခ) ရောင်းချသူ၏ အာမခံချက်တွင် အာမခံသက်တမ်းအတွင်း ပစ္စည်းအားပြင်ဆင်ခြင်း၊ အစားထိုးခြင်းပါဝင်သည်။

(ဂ) ရောင်းချသူသည် အာမခံသက်တမ်းအတွင်း ပစ္စည်းများ၏ ချို့ယွင်းမှုများ အလွယ်တကူမမြင်ရသော ချို့ယွင်းမှုများရှိပါက၊ ပြင်ဆင်ခြင်း လဲလှယ်ခြင်းများကို ဆောင်ရွက်ပေးရမည်။

(ဃ) ရောင်းချသူသည် ဝယ်ယူသူသတ်မှတ်ပေးသည့်နေရာတွင် မိမိစရိတ်ဖြင့် ပစ္စည်း၏အသုံးပြုပုံများကို ပစ္စည်းအသုံးပြုမည့်သူများအား သင်ကြားပြသပေးရမည်။

**အခွန်အခပေးဆောင်ခြင်း**

၁၁။ Forklift တန်ဖိုးအတွက် Commercial Tax ၅ % ကိုပေးသွင်းပြီး ကသခ(၃၁) ပုံစံ (တန်ဖိုး ၉,၀၁၇,၈၅၇ ကျပ်) အား ၂၀၂၅ ခုနှစ် ဇွန် လ ၃၀ ရက်မတိုင်မီ ဗီဂါ ပလတ်စတစ်ပရိုဘောဂ နှင့်လူသုံးကုန်ပစ္စည်းစက်ရုံ (ရန်ကုန်)သို့ ပေးပို့ရမည်။

**ငွေပေးချေခြင်းစနစ်**

၁၂။ **နိုင်ငံတော်အတွင်း၌ ပစ္စည်းဝယ်ယူခြင်းဖြစ်၍ ငွေပေးချေရာတွင် စာချုပ်ပါ Forklift တန်ဖိုးငွေ ၁၈၉,၃၇၅,၀၀၀ိ/- ၏ ၃၀ % ၅၆,၈၁၂,၅၀၀ိ/- (ကျပ်ငါးဆယ့်ခြောက်သန်းရှစ်သိန်းတစ်သောင်းနှစ်ထောင့်ငါးရာတိတိ) အား ကနဦး ပေးချေထားရမည်။ ပစ္စည်းလက်ခံရရှိကြောင်းပြေစာ CRV နှင့် FAC (Report) လက်ဝယ်ရရှိပြီးမှသာ လက်ကျန်ငွေ ၇၀ % ၁၃၂,၅၆၂,၅၀၀ိ/- (ကျပ်တစ်ရာသုံးဆယ့်နှစ်သန်းငါးသိန်းခြောက်သောင်းနှစ်ထောင့်ငါးရာတိတိ) အား ဆက်လက်ပေးချေသွားရမည်။**

**မူပိုင်ခွင့်**

၁၃။ ဝယ်ယူမည့်ပစ္စည်းများသည် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့်ပစ္စည်းများဖြစ်ပါက ရောင်းချသူအနေဖြင့် စာချုပ်အရထုတ်လုပ်ထားသည့်ပစ္စည်းများအတွက် ဝယ်ယူသူနှင့် ဆောင်ရွက်သည့်ကိစ္စအားလုံးတွင် အခြားအဖွဲ့အစည်း၊ ကုမ္ပဏီနှင့် ပုဂ္ဂိုလ်များ၏မူပိုင်ခွင့်ကို ထိပါးမှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။ ရောင်းချသူမှ ပေးပို့လာသော ပစ္စည်းများအတွက် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဝယ်ယူသူအား တရားစွဲဆိုပါက ရောင်းချသူမှ ဝယ်ယူသူနစ်နာမှုမရှိစေရန် ၎င်း၏စရိတ်ဖြင့် ခုခံကာကွယ်ပေးရမည်။ ဝယ်ယူသူမှ စာဖြင့်အကြောင်းကြားပါက တရားစွဲဆိုမှုအပေါ် ရောင်းချသူ၏ စရိတ်ဖြင့်ခုခံနိုင်ရန် ရောင်းချသူက ဆောင်ရွက်ပေးရမည်။

**ပစ္စည်းများ၏ စံချိန်စံညွှန်း**

၁၄။ 3000 Kgs ( 3 Tons ) FD30PT (Mitsubishi) Diesel Forklift (Brand New Mitsubishi 3.0 T Diesel Forklift Grendia Serie) စက်ပစ္စည်းနှင့် ကိုက်ညီရမည်။

**မလွန်ဆန်နိုင်သောဖြစ်ရပ်များ**

၁၅။ မလွန်ဆန်နိုင်သောဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဘက်ဘက်က လိုအပ်သော သတိ၊ ဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များဖြစ်ပြီး ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ကုန်ပစ္စည်းရောင်းချမှုကို ထိခိုက်ဆုံးရှုံးစေလျှင် ''ရောင်းချသူ'' သည် ''ဝယ်ယူသူ'' သို့ နစ်နာဆုံးရှုံးမှု

အတွက် လျော်ကြေးတောင်းခွင့်မရှိစေရ။ တိုသို့ မလွန်ဆန်နိုင်သော ဖြစ်ရပ်ပေါ်ပေါက်လာပါက ယင်းဖြစ်ရပ် ဖြစ်ပေါ်သည့်အချိန်မှ (၁၄)ရက်အတွင်း "ရောင်းချသူ" သည် "ဝယ်ယူသူ" သို့ စာဖြင့် ချက်ချင်းအကြောင်းကြားရမည်။ "ဝယ်ယူသူ" က လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ် ပေါ်ပေါက်သဖြင့် ပျက်ကွက်ခဲ့သော ကာလအပိုင်းအခြားအတွက် ကုန်ပစ္စည်း ပေးသွင်းရမည့်ကာလကို သက်သာခွင့်ပြုနိုင်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း**

၁၆။ ရောင်းချသူအနေဖြင့် ပေးသွင်းရမည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက် စီးဆုံးရှုံးမှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည့် ပတ်ဝန်းကျင် ဘေးအန္တရာယ်ကင်း ရှင်းစေရေးဆိုင်ရာ လိုအပ်သောအကာအကွယ် အစီအစဉ် စသည်တို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့် ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**လွှဲပြောင်းလက်ခံခြင်း**

၁၇။ ဤစာချုပ်ပါသတ်မှတ်ချက်များအတိုင်း ပစ္စည်းများပေးသွင်းပြီးစီးလျှင် ဝယ်ယူသူက ရောင်းချ သူအားပြီးစီးကြောင်းစာဖြင့် အကြောင်းကြားရမည်။ ဤသို့အကြောင်းကြားသည့်ရက်မှ ရက်သတ္တပတ်အ တွင်း တရားဝင်လွှဲပြောင်းလက်ခံရေးကို စတင်ဆောင်ရွက်ရမည်။

**စာချုပ်သက်တမ်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ခြင်း**

၁၈။ စာချုပ်သက်တမ်းမှာ စာချုပ်အကျိုးသက်ရောက်သည့် ၂၇.၁၁.၂၀၂၄ ရက်မှ ၃၀.၅.၂၀၂၅ ရက်အထိ ဖြစ်ပြီး ထပ်မံသက်တမ်းတိုးရန်လိုပါက စာချုပ်ဝင်နှစ်ဖက်ညှိနှိုင်း၍ စာဖြင့်သဘောတူညီချက်ရယူကာ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ရုံးချုပ်)၏ အတည်ပြုချက်ရယူပြီး သက် တမ်းတိုးနိုင်ပါသည်။

**တာဝန်ယူခြင်းနှင့်တာဝန်ခံခြင်း**

၁၉။ ဤသဘောတူကတိစာချုပ်ပါ ပစ္စည်းများကို ရောင်းချသူက ဝယ်ယူသူထံ စနစ်တကျ လွှဲပြောင်း လက်ခံခြင်းပြုပြီးသည့်နောက် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ မမျှော်မှန်းနိုင်သော ခိုးယူသည့်အ ခြားဘေးအန္တရာယ် တစ်ခုခုကြောင့်ဖြစ်စေ ဖြစ်ပွားခဲ့ခြင်းမှအပ ယင်းသို့လွှဲပြောင်းလက်ခံပြီး ပစ္စည်းအာမခံ ကာလ သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အာမခံပါသည်။ ထိုအပြင် ထိုကာလ

အတွင်း ပစ္စည်းထုတ်လုပ်မှုနည်းပညာပိုင်းအရ ချို့ယွင်းအားနည်းချက်များကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှု၊ လုပ်ငန်းဆောင်ရွက်ချက်မပြည့်စုံမှု၊ ပျက်စီးမှုများကို ရောင်းချသူက မိမိစရိတ်ဖြင့် ပြန်လည်ပြု ပြင်လဲလှယ်ပေးရန် တာဝန်ယူသည်။

**စာချုပ်ရပ်စဲခြင်း**

၂၀။ နှစ်ဖက်စာချုပ်ဝင်များသည် အောက်ဖော်ပြပါအကြောင်းအရာ တစ်ရပ်ရပ်ဖြစ်ပေါ်လာပါက စာချုပ် အားရပ်စဲနိုင်သည်-

(က) စာချုပ်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို စာချုပ်ဝင် တစ်ဖက်ဖက်က ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

( ခ) မလွန်ဆန်နိုင်သောဖြစ်ရပ်သည် တစ်ဆက်တည်း (၆) လထက်ကျော်လွန်ဖြစ်ပွားနေခြင်း။

( ဂ) စာချုပ်ပါမူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်း မရှိတော့ ခြင်း။

(ဃ) နှစ်ဖက်သဘောတူရပ်စဲခြင်း။

( င) စာချုပ်သက်တမ်းကုန်ဆုံးခြင်း။

**စာချုပ်အကျိုးသက်ရောက်ခြင်း**

၂၁။ နှစ်ဦးနှစ်ဖက် စာချုပ်လက်မှတ်ရေးထိုးသည့် ( ၂၇.၁၁.၂၀၂၄) ရက်မှစ၍ စာချုပ်အကျိုးသက်ရောက် သည်။

**စာချုပ်အားပြန်လည်စေ့စပ်ညှိနှိုင်းခြင်း**

၂၂။ ဤသဘောတူစာချုပ်တွင်ပါရှိသည့် စည်းကမ်းချက်များသည် လုပ်ငန်းများအမှန်တကယ်ဖော် ဆောင်ရွက်သည့်အခါ ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေတစ်ရပ်ရပ်ကြောင့် လုပ်ငန်းများဆက်လက် ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် စာချုပ်ဝင်များသည် နှစ်ဦးနှစ်ဖက်စေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါ စည်းကမ်းချက် များကို ပြန်လည်စေ့စပ်ညှိနှိုင်းဆောင်ရွက်ရမည်။

**စာချုပ်အားပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း**

၂၃။ ဤသဘောတူစာချုပ်ကို နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီမှုမရှိပဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း

လုံးဝမပြုလုပ်ရ ဤသဘောတူစာချုပ်တွင် လုပ်ငန်းလိုအပ်ချက်အရ ပေါ်ပေါက်လာသောအချက်အ လက် (သို့မဟုတ်) အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပြီး စာချုပ်ကိုပြင်ဆင်ရန် လိုအပ်ပါက နှစ်ဦးနှစ်ဖက် စာဖြင့် သဘောတူညီချက်ဖြင့် ဤစာချုပ်ကိုပြင်ဆင်နိုင်သည်။

**အငြင်းပွားမှုဖြေရှင်းခြင်း**

၂၄။ ဤသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်းမရပါက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ကိုခံယူရမည်။

**ဆက်သွယ်ရန်လိပ်စာများ**

၂၅။ ဤသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြောကြေးနန်း၊ တဲလက်စ်၊ ဖက်စ်၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူက ကျသင့်ငွေကြိုတင် ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ်ဆောင် ရွက်ရမည်။

(က) ဝယ်ယူသူ — ဦးကျော်ကျော်ဇင်

ဗီဂါပလတ်စတစ်ပရိဘောဂနှင့်လူသုံးကုန်ပစ္စည်းစက်ရုံ(ရန်ကုန်)

၀၉ ၄၂၈၃၅၁၆၄၅

(ခ) ရောင်းချသူ — ဦးပိုင်စိုးလင်း

Winning Way Company Limited.

၀၉ -

အမှတ် ၊ ၅၈၉ / ၅၉၂၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

CamScanner

၂၆။ ဤစာချုပ်ပါ စည်းကမ်းအချက်အလက်များကို ရောင်းချသူနှင့် ဝယ်ယူသူတို့မှ ဖတ်ရှုနားလည် သဘောပေါက်ပြီးဖြစ်၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာ လ ( ၂၇ ) ရက်တွင် အောက်ပါအသိသက်သေများ ရှေ့မှောက်၌ မိမိတို့ရုံးတံဆိပ်များကို ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပါသည်။

| ရောင်းချသူ | ဝယ်ယူသူ |
| --- | --- |
| ဦးပိုင်စိုးလင်း | ဦးအောင်မျိုးထွန်း |
| ဒါရိုက်တာ | ဌာနကြီးမှူး |
| ၈/စလန(နိုင်) ၁၀၁၇၁၈ | ထုတ်လုပ်မှုလုပ်ငန်းများဌာနကြီး |
| Winning Way Company Limited | မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် |

**အသိသက်သေများ**

| | |
| --- | --- |
| ဦးချစ်စန်းကို | ဦးကျော်ကျော်ဇင် |
| လက်ထောက်အထွေထွေမန်နေဂျာ | စက်ရုံမှူး |
| ၁၄/ဓနဖ (နိုင်) ၁၁၃၈၂၅ | ဗီဂါပလက်စတစ်ပရိုဘောဂ နှင့်လူသုံးကုန်ပစ္စည်းစက်ရုံ |
| Winning Way Company Limited | |